အကြင်သူသည် ဆွလာသ်ဆောက်တည်ရန် မေ့လျော့သွားပါက
၎င်းအားသတိရသည့်အခါပြန်လည်ဆောက်တည်လိုက်ပါ။
ထိုသို့ဆောက်တည်ခြင်းမှလွဲ၍ အပြစ်ကိုချေဖျက်ပေးမည့်
အခြားအရာဟူ၍မရှိပေ။
အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်။ အကြင်သူသည်
ဆွလာသ်ဆောက်တည်ရန် မေ့လျော့သွားပါက ၎င်းအားသတိရသည့်အခါပြန်လည်ဆောက်တည်လိုက်ပါ။
ထိုသို့ဆောက်တည်ခြင်းမှလွဲ၍ အပြစ်ကိုချေဖျက်ပေးမည့် အခြားအရာဟူ၍မရှိပေ။
(ထို့ပြင် အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာတ်ဝတ်ပြုမှုကို
ဆောက်တည်ပါလေ။) ကုရ်အာန် (၂၀:၁၄)
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ- မည်သူမဆို
ဆွလာသ်အချိန် ကုန်ဆုံးသည်အထိ ဆွလာသ်ဆောက်တည်ရန် မေ့လျော့ခဲ့ပါက ထိုသူသည် ၎င်းအား
သတိရသည့်အခါ ပြန်လည်ဆောက်တည်ရမည်။ ထိုအမိန့်တွင် အိပ်ပျော်နေသူလည်းပါဝင်ပြီး
၎င်းသည်အိပ်ယာမှ နိုးလာသည်နှင့် ဆောက်တည်လိုက်ရမည်ဖြစ်သည်။ ဆင့်ပြန်ချက်တစ်ရပ်တွင်
လာရှိထားသည်မှာ- (အကြင်သူသည် ဆွလာသ်မဆောက်တည်ဘဲ အိပ်မောကျသွားသည် သို့မဟုတ်
ဆွလာသ်ဆောက်တည်ရန်မေ့လျော့သွားပါက ထိုသူသည် ယင်းဆွလာသ်အား သတိရသည့်အခါ
ပြန်လည်ဆောက်တည်ရမည်။) ထိုသို့ဆောက်တည်ခြင်းမှလွဲ၍ အပြစ်ကိုချေဖျက်ပေးမည့်
အခြားအရာဟူ၍မရှိပေ။ ဆိုလိုသည်မှာ ဆွလာသ်အား ပြန်လည် ဆောက်တည်ခြင်းမှလွဲ၍
ယင်းအားအစားပြန်လည်ဖြည့်ဆည်းပေးမည့် အရာဟူ၍ မရှိပါ။ ၎င်းပြင်
ထိုသို့ပြန်လည်ဆောက်တည်ခြင်းနှင့်အတူ အခြားမည်သည့် ‘ကဖ္ဖာရဟ်’ သို့မဟုတ် ဒဏ်ကြေး
မရှိပါ။ (ထို့ပြင် အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာတ်ဝတ်ပြုမှုကို
ဆောက်တည်ပါလေ။)ကုရ်အာန် (၂၀:၁၄) အာယသ်တော်၏ ဆိုလိုရင်းမှာ- အသင်ဆွလာသ်အား
သတိရလာသည့်အခါ ဆောက်တည်လိုက်ပါ အဘယ်ကြောင့်ဆိုသော် ဆွလာသ်ကိုသတိရသူသည်
အလ္လာဟ်အရှင်မြတ်အား သတိရသူပင်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/65088